ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၁၈ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက် )

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတွင် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျော့ကျစေရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နေကြာအပါအဝင် ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်ရန်လိုအပ်သကဲ့သို့ အရည်အသွေးကောင်း စားသုံးဆီများထုတ်လုပ်ရန် အဆင့်မီဆီစက်များ လိုအပ်နေပါသဖြင့် ပြည်တွင်းဆီစက်များကို အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် " **ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့** "ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု<br>လုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း | အဖွဲ့ဝင် |
| (ဎ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံရှိ ဆီစက်များ အဆင့်မြှင့်တင်ရန်အတွက် အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ရန်နှင့် ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်နိုင်ရန် လိုအပ်သော ချေးငွေထုတ်ချေးနိုင်ရေး ရန်ပုံငွေတောင်းခံခြင်း၊ စိစစ်ခြင်းနှင့် ခွင့်ပြုပေးခြင်း၊

(ခ) ချေးငွေစီမံခန့်ခွဲမှုအတွက် လိုအပ်သော ချေးငွေစံသတ်မှတ်ချက်များ (Loan Criteria)၊

(ဂ) ချေးငွေပမာဏ၊ အတိုးနှုန်းနှင့် သက်တမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ညှိနှိုင်းသဘောတူညီချက်အရ သတ်မှတ်ပေးခြင်း၊

(ဃ) ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management) ဆိုင်ရာ သတ်မှတ်ချက်ဘောင်များ (Parameters) ကြိုတင်ရေးဆွဲသတ်မှတ်ပေးခြင်း၊

(င) ချေးငွေအား ထိရောက်စွာအသုံးချမှု ရှိ/ မရှိ အပေါ် စိစစ်ကြီးကြပ်ရေးနှင့် ချေးငွေပြန်လည်ပေးဆပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ သတ်မှတ်ချက်များရေးဆွဲ၍ စောင့်ကြည့်လေ့လာသုံးသပ်ခြင်း (Monitoring and Evaluating)၊

(စ) ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာပြုစုတင်ပြခြင်း။

၃။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သည် လိုအပ်ပါက ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ခွဲများအား တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ဖွဲ့စည်း၍ မြေပြင်ကွင်းဆင်းစိစစ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သလို တာဝန်ပေးအပ်နိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး